

BUR

# လက်ဗွေများ နှင့် Eurodac

**အဖွဲ့ဝင်နိုင်ငံတွင် တရားမဝင်နေထိုင်နေသည့် ပြင်ပနိုင်ငံသားများ သို့မဟုတ် နိုင်ငံမဲ့သူများအတွက် စည်းမျဉ်း (EU) နံပါတ် 603/2013 ၏ ပိုဒ်ခွဲ 29 (3) အရ အချက်အလက်များ**

သင်သည် Dublin နိုင်ငံ[1] တွင် တရားမဝင်နေထိုင်နေသူ ဆိုပါက အာဏာပိုင်များသည် သင်၏လက်ဗွေများကို ရယူကာ ၎င်းကို 'Eurodac' လက်ဗွေဒေတာဘေ့စ်ထံ ပေးပို့နိုင်ပါသည်။ ဤကိစ္စရပ်၏ တစ်ခုတည်းသောရည်ရွယ်ချက်မှာ သင့်အနေဖြင့် ခိုလှုံခွင့် လျှောက်ထားပြီးခြင်း ရှိ မရှိ ဆုံးဖြတ်ရန်ဖြစ်ပါသည်။ သင်၏လက်ဗွေဒေတာကို Eurodac ဒေတာဘေ့စ်တွင် သိမ်းထားမည် မဟုတ်သော်လည်း သင်သည် အခြားနိုင်ငံတွင် ခိုလှုံခွင့်လျှောက်ထားပြီးဖြစ်ပါက သင်သည် ထိုနိုင်ငံထံသို့ ပြန်သွားနိုင်ပါသည်။

အခြားအရာများတွင် သင်သည် သင်၏လက်ချောင်းများကို ရည်ရွယ်ချက်ရှိရှိဖြင့် ထိခိုက်ပျက်စီးစေခဲ့ခြင်းကြောင့် သင်၏လက်ဗွေများမှာ မသဲကွဲပါက သင်၏လက်ဗွေများကို ဆက်တိုက် ထပ်မံရယူမည် ဖြစ်ပါသည်။

Eurodac ကို eu-LISA ဟုခေါ်သည့် ဥရောပသမဂ္ဂအေဂျင်စီမှ လုပ်ဆောင်ပါသည်။ သင်၏ဒေတာများကို ဥပဒေအရဖော်ပြထားသည့် ရည်ရွယ်ချက်များအတွက်သာ အသုံးပြုမည်ဖြစ်ပါသည်။ Eurodac စင်ထရယ်စနစ်သည်သာ သင်၏ဒေတာများကို လက်ခံရရှိမည် ဖြစ်ပါသည်။ သင်သည် နောင်တွင် အခြား Dublin နိုင်ငံ၌ ခိုလှုံခွင့်လျှောက်ထားခြင်းကို တင်ပြခဲ့ပါက Eurodac ထံသို့ ပေးပို့ရန် သင်၏လက်ဗွေများအား ရယူဦးမည် ဖြစ်ပါသည်။ Eurodac တွင်သိမ်းဆည်းထားသည့် ဒေတာများကို Dublin နိုင်ငံများနှင့် သက်ဆိုင်ခြင်းမရှိသည့် အခြားသော နိုင်ငံများ သို့မဟုတ် အဖွဲ့အစည်းများနှင့် လဲလှယ်မည်မဟုတ်ပါ

---

**1)** **ဥရောပသမဂ္ဂတစ်ခုလုံးနှင့် သက်ဆိုင်သည့်နိုင်ငံများ (ဩစတြီးရီးယား၊ ဘယ်လ်ဂျီယံ၊ ဘူဂေးရီးယား၊ ခရိုအေးရှား၊ ဆိုက်ပရက်၊ ချက်သမ္မတနိုင်ငံ၊ ဒိန်းမတ်၊ အက်စ်တိုးနီးယား၊ ဖင်လန်၊ ပြင်သစ်၊ ဂျာမနီ၊ ဂရိ၊ ဟန်ဂေရီ၊ အိုင်ယာလန်၊ အီတလီ၊ လတ်ဗီးယား၊ လစ်သူနီးယား၊ လူဇင်ဘာ့ဂ်၊ မယ်လ်တာ၊ နယ်သာလန်၊ ပိုလန်၊ ပေါ်တူဂီ၊ ရိုမေးနီးယား၊ ဆလိုဗက်ကီးယား၊ ဆလိုဗေးနီးယား၊ စပိန်၊ ဆွီဒင်၊ ဗြိတိသျှ) နှင့် Dublin စည်းမျဉ်းနှင့် 'ဆက်စပ်နေသည့်' နိုင်ငံလေးနိုင်ငံ (နော်ဝေ၊ အိုက်စလန်၊ ဆွစ်ဇာလန်နှင့် လစ်ချတန်စတိန်း)။**

**© ဥရောပသမဂ္ဂ 2014**
**ပြန်လည်ထုတ်ဝေခြင်းကို ခွင့်ပြုထားပါသည်။ ပုံတစ်ပုံချင်းစီကို အသုံးပြုရန် သို့မဟုတ် ပွားယူရန်အတွက် ခွင့်ပြုချက်အား မူပိုင်ခွင့်ပိုင်ရှင်များထံမှ တိုက်ရိုက်ရယူရမည် ဖြစ်ပါသည်။**



## ဆက်သွယ်ရန်အသေးစိတ်အချက်များ

**ဒုက္ခသည်ဆိုင်ရာ အာဏာပိုင်၏ လိပ်စာနှင့် အသေးစိတ်အချက်များ**
ပြောင်းရွှေ့နေထိုင်ခြင်းနှင့် ဒုက္ခသည်များဆိုင်ရာ ဖက်ဒရယ်ရုံး (BAMF)
Frankenstraße 210
90461 Nürnberg, Germany
တယ်လီဖုန်း - +49 (0)911 9430
ဖက်စ် - +49 (0)911 9431 0000
အီးမေးလ် - service@bamf.bund.de

**Eurodac စစ်ဆေးသူ၏ လိပ်စာနှင့် အသေးစိတ်အချက်များ ပြစ်မှုဆိုင်ရာ ဖက်ဒရယ်ရဲစခန်း (BKA)**
Bundeskriminalamt (BKA)
65173 Wiesbaden
တယ်လီဖုန်း - +49 (0)611 55 0
ဖက်စ် - +49 (0)611 55 12141
www.bka.de

သင်သည် အခြားနိုင်ငံတွင် ခိုလှုံခွင့်လျှောက်ထားထားပြီး ထိုအခြားနိုင်ငံသည် ထိုလျှောက်ထားမှုကို စစ်ဆေးခြင်းအတွက် တာဝန်ရှိသည်ဟု ကျွန်ုပ်တို့၏အာဏာပိုင်များမှ သံသယရှိပါက သင့်အား နောက်ပိုင်းလုပ်ငန်းစဉ်နှင့် ၎င်းမှာ သင်နှင့် သင်၏ရပိုင်ခွင့်များအား မည်သို့သက်ရောက်စေမည်တို့နှင့်ပတ်သက်သည့် အချက်အလက်အသေးစိတ်ကို သင့်အား ပြောပြပေးမည် ဖြစ်ပါသည်။

